ဝတ္ထုစာအုပ်ပေါ်တွင် ဦးတည်၍ ဆွေးနွေးရှင်းလင်းခြင်းမှတစ်ဆင့်၊ တစ်စုံတစ်ရာသော စာပေကိစ္စဆွေးနွေးမှု ၊ အနုပညာပြဿနာ ဆွေးနွေးမှု အ ဖြစ် ကျယ်ပြန့်လာနိုင်ခွင့်လည်း ရှိနေသည်။ အမှာ ကို ဦးတည်ဆွေးနွေးသော ပြန်ကြားချက်တို့သည် စာရေး ဆရာကို ရိုက်ပုတ်နှိုးဆော်လိမ့်မည် ။ လေးစားအပ်သော ဝေဖန်ချက်တို့ကို တပါတည်း သယ်ဆောင်လာကြနိုင်မည် ။

'ရာဇဝင်ဝတ္ထုနှင့် ပတ်သက်၍ တော့ ယခင်စာအုပ်များ တွင် ကျွန်တော် တင်ပြခဲ့ပြီး ဖြစ်၍ ယခုမရေး တော့ပါ။

ယခုရေး လိုသည်မှာ ဤ 'နှင်းကေသရာ'နှင့် ပတ်သက်သော အချက်နှစ် ချက် ဖြစ်ပါသည်။

ပထမအချက်မှာ 'နှင်းကေသရာ ချစ်တဲ့ သူရဲကောင်း'မှ ဇာတ်ဆောင်များ တွင် စာဖတ်သူနှင့် ရင်းနှီးပြီးအမည် များ ပါဝင်ကြပါသည်။ရာဇာဓိရာဇ်၊မင်းခေါင်၊မင်းရဲကျော်စွာ ၊ သမိန် ဗရမ်း၊ အဲမွန်ဒယာ၊ လဂွန်းအိမ် . . .စသော ရာဇဝင်ထွတ်အမည် ပိုင်ရှင် ဇာတ်ဆောင်များ ။

ဤစာအုပ်၏ အဖွင့်မျက်နှာတွင် ဇာတ်ဆောင်အမည် များ ကို ဖော်ပြထားသည်။ ပါဝင်သမျှဇာတ်ဆောင်အားလုံးနီးပါး၊ ဆင်အမည် ၊ လှေအမည် မှစ၍ ရာဇဝင်ထွတ်၊ တကယ်ရှိ၊ တကယ်လှုပ်ရှားခဲ့သော ဇာတ်ဆောင်များ ဖြစ်ကြသည်။ ဇာတ်ဆောင်လေးဆယ်ခန့်တွင် ကျွန်တော် ၏ 'စာရေး သူ ဖန်တီးသော 'ဇာတ်ဆောင်သုံးဦးသာ ပါရှိပါသည်။ ယင်းတို့ကို တကယ်ရှိခဲ့သော ဇာတ်ဆောင်များ နှင့် ဆက်သွယ်လှုပ်ရှားစေပါသည်။ ထို့နောက် တကယ် ဖြစ် တကယ်ပျက်ခဲ့သော ဖြစ်ရပ်များ နှင့် ဖန်တီး ဖြစ် ဖန်တီးပျက် ဖြစ်ရပ်များ ကိုလည်း ဆက်စပ်စေပါသည်။

ယင်းအတွက် 'ရာဇဓိရာဇ် အရေး တော် ပုံ'ရာဇဝင်အကြောင်းကို ထိခိုက်သွားမည် ဆိုပါက ကျွန်တော့် အား 'ဝတ္ထုရေး သူ' အ ဖြစ်နားလည်ပေးကြပါရန် ရာဇဝင်ပညာဆိုင်ရာ ပုဂ္ဂိုလ်များ ကို စကားဆိုပါရစေ။

ရသပညာ(AESTHECTICS)ဆိုင်ရာ ပုဂ္ဂိုလ်များ ကမူ 'အနုပညာဟူသည် တကယ်အရှိနှင့် စိတ်ကူးတို့ ယှက်နွယ်နေသော သီးပွင့်မှု တစ်ရပ် ဖြစ်သည်'ဟု စာနာနားလည်နိုင်ကြမည် ထင်ပါသည်။

(၃)

ဒုတိယအချက်ကား . . .လိုက်လှဲစွာ ကျေးဇူးတင်ရှိခြင်းများ ကို ဖော်ပြလိုခြင်းပင် ဖြစ်ပါသည်။

ဤဝတ္ထုအတွက်လက်ရင်းထား၍ ကိုးရသော စာအုပ်မှာ ဆရာ 'နိုင်ပန်းလှ'ပြုစုသည့် ၁၉၇၇၊ ဇူလိုင်လထုတ် 'ရာဇာဓိရာဇ်အရေး တော် ပုံကျမ်း' ဖြစ်ပါသည်။ မွန်၊ မြန်မာ၊ ပါဠိ၊ သက္ကတကျမ်းများ ကို စုရုံးကိုးကားမှီငြမ်းလျက် 'ရာဓိရာဇ်အရေး တော် ပုံကျမ်း' ကိုပြုစုထားသော ဆရာ'နိုင်ပန်းလှ'အားလိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

စိတ်ကူးဆန္ဒထဲက ရုပ်ပုံနှင့် အရောင် များ ကို စိတ်ရှည်လက်ရှည် ရေး ဆွဲပေးသည် သူငယ်ချင်း ပန်းချီဆရာ 'ရဲဘော်ဝသုန်'။

"ကြိုက်သလောက်ရေး ၊ကြိုက်သလိုပြင်ဆင်" ဟုလွဲအပ်ခွင့်ပြုသော ဦးစံလှ(အသက်မွေးဝမ်းကျောင်းစာပေ)နှင့် စိုးမိုးမိတ်ဆက်ပုံနှိပ်တိုက်မှ မိတ်ဆွေတို့အားလည်း ကျေးဇူး တင် ရှိပါသည်။

လေးစားအပ်သော စာဖတ်သူ၏ ဝေဖန်မှု ကို ဆက်လက်ခံယူ သွားပါမည် ။

လေးစားစွာ ဖြင့်

ချစ်ဦးညို

တဆင့်/ အသက်မွေးဝမ်းကျောင်းစာပေ

၁၉၇၉-ခုနှစ် ၊ ဖေဖော်ဝါရီလ

၁။ သူ့ရှင် ရာဇဓိရာဇ် (ဗညားနွဲ့)

၂။ တပ်မင်းကြီးသမိန်သံပြတ်(သမိန်ပြဋ္ဌ)

၃။ တပ်မှူး လဂွန်းအိမ်(မတ်သံလုံ)

၄။ အမတ်ဒိန် မဏိရွတ်

၅။ မင်းကန်စီ(ရာဇမန)

၆။ သမိန်မရူ

၇။ သမိန်လောက်ဖြား (မြောင်းမြစား)

၈။ စောအဲဗညား (ဒေးဗသွယ်စား)

၉။ မဂြိုင်း (သံမောင်စား)

၁၀။ သံလုစ် (ဒုံဝန်းစား)

၁၁။ မညီကံကောင်

၁၂။ တပ်မှူး အဲမွန်ဒယာ

၁၃။ တပ်မှူး သမိန်ဗရမ်း

၁၄။ တပ်မှူး သမိန်အဝန်နိုင်

၁၅။ တပ်မှူး သမိန်ပြတ္တပိုက်

၁၆။ တပ်မှူး သမိန်ဥပါကောင်း

၁၇။ တပ်မှူးရဲသင်ရံ

၁၈။ စောသံမုန်

၁၉။ အဲပြုပုန်

၂၀။ ဘောလဂွန်း

၂၁။ စောပြုလတ်

၂၂။ ဘုရင်မင်းခေါင်

၂၃။ မင်းသိဒ္ဓတ်

၂၄။ ပေါလောကျန်းဒေါ

၂၅။ မင်းရဲကျော်စွာ

၂၆။ အင်းပဲသူကြီး

၂၇။ ပင်းယစကြိုသူမြတ်

၂၈။ မိုးညှင်းသတိုး

၂၉။ သရေစည်သူ

၃၀။ သမားတော် ဂန္ဓဝါရီ

၃၁။ တရဖျား

၃၂။ မိဖုရား တလမေဒါ

၃၃။ မိဖုရား ဒလသုဒ္ဓမာယာ

၃၄။ မိဖုရား ပီယရာဇာဒေဝီ

၃၅။ မိနော်ဇာ

၃၆။ အရီးတော် မဟာဒေဝီ

၃၇။ နှင်းပန်းခိုင်

၃၈။ မွေ့ကေသာ(နှင်းကေသရာ)

၃၉။ တိုက်ဆင် ဗကမတ်

၄၀။ တိုက်ဆင် အသိဏ္ဍရာဇ်

၄၁။ တိုက်ဆင် ရဲမြတ်စွာ

## ဒေသနောက်ခံ

၁။ ဟံသာဝတီနေပြည်တော် (ဗဂိုး)

၂။ အဝနေပြည်တော်

၃။ မော်လမြိုင်

၄။ မုတ္တမ

၅။ သံမောင်

၆။ ဒေးဗသွယ်

၇။ ပုသိန်

၈။ မြောင်းမြ

၉။ ပန်းကျော်ချောင်းသောင်ပြင်

၁၀။ ပန်းလိုင်မြစ်ဝ

၁၁။ ဒဂုန်

၁၂။ ရွှေမော်ဓေါစေတီ

၁၃။ တိုက်ကုလား

၁၄။ ဒုန်ဝန်း

၁၅။ လဂွန်းဗျည်း

၁၆။ တရည်း

၁၇။ ကူထွတ်

၁၈။ သာယာဝတီကျေးစပ်

၁၉။ တလည်းဆည်းဆိပ်ကမ်း

၂၀။ မော်လင်တောအုပ်

ကာလနောက်ခံ

သက္ကရာဇ် - ၇၄၀

မှ

သက္ကရာဇ် - ၇၇၃

ဇာတ်အိမ်နောက်ခံ

ရာဇဓိရာဇ်အရေးတော်ပုံ

ဘယ်မုခ်မှာ အမှုတော် ကျသလဲ

“အလယ်မုခ်”

“ကောင်းပြီ အမောင်ရေ၊ အလယ်မုခ်ရဲ့ ညာဘက်က သူ့ရဲခိုပေါက်မှာ နှင်းကိုယ်တိုင် ရှိနေမယ်၊ နှင်းရဲ့ သူ့ရဲကောင်းကို နှင်းအနားက အားပေးနေမယ်”

“ကျုပ် ဘယ်လိုပြောရမလဲ အချစ်ရယ်၊ မင်းကို မြားမိုးရွာနေတဲ့နေရာ ရောက်အောင် ကျုပ်ပို့ခဲ့မိပါပကော၊ မင်းကို ကျုပ်သတ်တာ၊ မင်းကို ကျုပ်သတ်တာ ၊ မင်းရင်အုံလှလှလေးကို စွဲဝင်နေတဲ့ မြားတံဟာ ကျုပ်ကြောင့် ...ကျုပ်ကြောင့် ဒီမြားတံ အတွက်ရန်သူခေါင်းဆောင်ကိုရော၊ရန်သူတွေ ကိုရော ကျုပ်လက်စားချေခဲ့ပါတယ်၊ ဒါပေမဲ့ ကျုပ်လက်စားချေရမယ့် တကယ့်ကာယကံရှင်က ကျုပ်ကိုယ်တိုင်ပါ အချစ်ရယ်၊ ကျုပ်ကိုယ်တိုင်ပါ”

ချွန်မြသော နဂါးသန်လျက်ပင်၏ ဦးထိပ်ချွန်ဖျားကို မတ်သံလုံ တင်းကျပ်စွာ ဆုပ်ကိုင်လိုက်မိသည်။ အကြောပြိုင်းပြိုင်းထသော လက်ဖြင့် နဂါးသန်လျက်ပင်များ ကို ဆုပ်ခြေမိသည်။

သို့သော် တကယ်တမ်း ကွဲအက်ကြေပြန့်းနေသည်က မတ်သံလုံ ကိုယ်တိုင်၏ အသည်းနှလုံးများ သာ။

“သူ့ရဲကောင်းတဲ့၊ သူ့ရဲကောင်းမတ်သံလုံတဲ့၊ မိမိချစ်သူကို သေတွင်းထဲ ပို့တဲ့သူဟာ သူ့ရဲကောင်းတဲ့လားဟင်၊ ကျုပ်လေ. . .ကျုပ်”

အဆုံးစွန်သော ထိခိုက်ကြေကွဲမှု ။
မတ်သံလုံစကားနောက်ထပ်မရေရွတ်နိုင်တော့။ နီရဲသော မျက်လုံးများ စိုစွတ်လာသည်။

နဂါးသန်လျက်ပင်ကို ဆုပ်ညှစ်နေသော လက်များ သည် ခါးစည်းတွင် ချိတ်ထားသည့် ဓားမြှောင်ဆီသို့ တဖြည်းဖြည်း ရွေ့လျားသွားသည်။ ဓားမြှောင်ရိုးကို တုန်ရင်စွာ ဆွဲထုတ်ယူသည်။

လဝွန်းမျှည်းကိုသိမ်းဖို့ စစ်ချီတက်လာပြီ၊ မင်းတို့ တရည်းမြို့စောင့်တပ်လည်း အခုပဲတရည်းကခွာပြီး လဝွန်းမျှည်းကို ချီရမယ်၊ လဝွန်းမျှည်းမြို့ပြင် တောအုပ်မှာ သူ့ရှင်တပ်နဲ့ ဆုံရမယ်၊ အဲဒီ ကိစ္စအတွက် ငါကိုယ်တိုင် လာစီစဥ်တာပဲ”

မတ်သံလုံသည် ပြတ်သားတိကျလွန်းသော အမတ်ဒိန်၏ အသံ၌ ဆက်လက်တင်းမာနေရန်မစွမ်းသာတော့။ တင်းမာနေခဲ့သော သူ့မျက်နှာ ပြေလျော့သွားသည်။

“အေး . . .အဲဒီ အခါ သူ့ရှင်နဲ့ဆုံမိကြတော့မှ ဒုန်ဝန်းစား သံလုစ်ကိစ္စကို မင်းမကျေနပ်ရင် မင်းကိုယ်တိုင် သူ့ရှင်ကို မေးပေတော့၊ သူရဲကောင်းကိုချစ်တယ်တဲ့ သူ့ရှင်ဟာ မင်းကိုလည်းချစ်ပါလိမ့်မယ်၊ ဘယ့်နှယ်လဲ မတ်သံလုံ”

“ကျွန်တော် ကျေနပ်ပါတယ် မင်းကြီး”

“အေး. . .အခုပဲ လဝွန်းမျှည်းကိုချီမယ်၊ မင်းလုပ်စရာရှိတာ သွားလုပ်တော့”

မင်းကြီး သမိန်သံဖြတ်၏ အမိန့်ရလျှင် မတ်သံလုံ ဦးညွှတ်ပြီး ထွက်သွားသည်။ အမတ်ဒိန်ကား တုတ်ခိုင်သော မတ်သံလုံ၏ ကျောပြင်ကို ကြည့်ရင်း လေးနက်စွာ ပြုံးနေသည်။

“အမတ်ဒိန်ရယ်. . .ကျုပ်တောင်းပန်ပါတယ်၊ ဒီအကောင် မတ်သံလုံဟာ ငယ်လည်းငယ်ရွယ်သူ ဖြစ်ပြန်၊ ပြီးတော့ ကျုပ်သမီးနှင်းပန်းခိုင် ကျပြီးကတည်းက မတ်သံလုံ သိပ်ခက်ထန်နေတယ်၊ သူ့နှလုံးသားဟာ နွေခေါင်ခေါင် နေပူအောက်ကသစ်ကိုင်းခြောက်လိုကြွပ်ဆက်နေတယ်၊ အချိန်နဲ့အမျှ သူ့ကိုယ်ထဲမှာ စစ်သွေးတွေ ဆူနေတယ်၊ ဒီကောင်ဟာ မှူးကြီးမတ်ကြီးလည်းမသိ၊ တစ်ခါတစ်လေများ စိတ်တွေ ဆူပွက်လှုပ်ရှားလွန်းအားကြီးလို့ ဒီအကောင် ရူးမလားလို့တောင် ကျုပ်စိုးရိမ်မိတယ် အမတ်ဒိန်၊ ဒါပေမဲ့ မတ်သံလုံဟာတကယ်တိုက်ရည်ခိုက်ရည် ကောင်းတဲ့အကောင်၊ အဲမောင်းကို ဘယ်ညာကိုင်ရင်း တိုက်ကြက်လိုတဇွတ်ထိုးတိုက်တတ်တဲ့အကောင်”

အမတ်ဒိန်သည် ခေါင်းကို တဆတ်ဆတ်ညိတ်လေသည်။

ကညှင်ပင်နှင့် တညင်းပင်ကြီးများ ကို နွယ်တက်နေသည့် နွယ်များ ကို မတ်သံလုံ ဓားလွယ်ဖြင့် ဖြတ်ယူသည်။ ဖြတ်ယူသည်ဆိုစေကာမူ အပင်ပေါ်ရှိ ကျေးငှက်များ လန့်ကုန်လျှင် မြို့ရိုးမှရန်သူများ ကြားမည် ဖြစ်၍ သေသပ်တိကျစွာ ဖိကြိတ်လှီးဖြတ်ယူရသည်။ တပေါင်းနေသည် အပူရှိန်ကို ရတ်ခြည်းလွှင့်ထုတ်သည်။

မတ်သံလုံတစ်ကိုယ်လုံး ချွေးများ သည် ကျုံထဲသို့ ဆင်းထားဘိသကဲ့သို့ ဖြစ်နေသည်။ လုံလောက်သော နွယ်ပင်များ ကို ရပြီးသော အခါ သစ်လုံးများ ကို ဖောင်ဖွဲ့သည်။ မတ်သံလုံအား ခရီးလမ်းတွင် လေးလံဖင့်နွှဲမည် ဖြစ်သဖြင့် ပဲကွပ်၊ ပုဆိန်၊ ရဲဒင်း ယူမသွားရန် မင်းကန်စီမှာ လိုက်သည်။ မတ်သံလုံတွင် ဓားလွယ်တစ်ချောင်းသာ ပါသည်။ ဓားလွတ်ဖြင့် ပင် သစ်လုံးဖောင် ဖြစ်အောင် ခုတ်ဖြတ်ဖွဲ့နှောင်ရသည်။

သစ်လုံးဖောင်သုံးခု ပြီးသွားချိန်တွင် မွန်းတည့်နီးပြီ ဖြစ်သည်။

“မတ်သံလုံ. . .လဝွန်းဗျည်းရဲ့ တပေါင်းလ မွန်းတည့်နေဟာ တို့များ ဟံသာဝတီထက် ပိုပြီးပူတယ်၊ သစ်ကိုင်းသစ်ရွက်တွေ ဟာ ကော့ပုံပြီး မီးထတောက်မတက် ပူပြင်းလာတယ်၊ ပြီးတော့ မွန်းတည့်ခါနီး လေလေ ရေကျုံပေါ်မှာ တိုက်တဲ့ လေဟာ အရှိန်ပိုပြင်းလာလေလေပဲ ၊ အချိန်ကို လုပြီးလုပ်၊ မွန်းမတိမ်းစေနဲ့၊ အပူဆုံးနေနဲ့ အပြင်းဆုံးလေကို ရရှိအောင်လုပ်ပါ”

ပင်ပန်းလွန်းသည့်ကြားထဲက မင်းကန်စီ၏ စေ့စပ်တိကျသော အမှာ စကားများ ကို မတ်သံလုံ အံ့သြလေးစားနေမိလေသည်။

သစ်လုံးဖောင်များ ကို ကြီးမားခိုင်ခံ့သော သစ်လုံးတစ်ချောင်းဖြင့် ခက်ခဲစွာ ရွှေ့၍ ကျုံရေပြင်ထက်သို့ ချသည်။ ထို့နောက် ဓနိတဲကြီးများ ကို ဖျက်၍ သစ်လုံးဖောင်ပေါ်သို့ ဆံ့နိုင်သမျှတင်လိုက်သည်။

ဆောင်းထားသော မောက်တိုမှ အပူရှိန်သည် မတ်သံလုံ၏ ဆံပင်များ ကို ဖြတ်လျက် ဦးခေါင်းဆီသို့ ကူးပျံ့လာနေသည်။ တက်ကြွဝင်စားလွန်းသော ကြောင့် ပါးပြင်အမာရွတ်မှလည်း သွေးတို့ ပေါက်ပေါက်ယိုစီးလာနေသည်။ သို့သော် မတ်သံလုံသည်

ရှိရာအရပ်သို့ . . .။

လဝွန်းဖျည်းမြို့ အရှေ့မုခ်တံတားပေါ်တွင် မိုရင်းမင်းကန်စီသည် မတ်သံလုံ၏ ပခုံးကို နှစ်ခြိုက်စွာ ပုတ်လိုက်သည်။ မတ်သံလုံမူကား မြို့ရိုးမုခ်ဦးမှတစ်ဆင့် မြို့ထဲသို့ ဝင်သွားသော သုံ့ပန်းများ ကို ငေးမောကြည့်နေသည်။

“မတ်သံလုံ. . .သူ့ရှင် ကတော့ မင်းကို အပါးခေါ်ထားတော့မယ်ထင်တယ်၊ မင်းကြီးသံမြတ်ကို စောစောက မေးနေသံကြားတယ်”

မတ်သံလုံ စကားပြန်မဖြေ။ တံတား၏ ပြဒါးသုတ်ထားသော လက်ရမ်းတိုင်နီနီကို ဆုပ်ကိုင်ရင်း စိမ်းမှောင်သော ကျုံးရေပြင်ထဲသို့ ငုံ့ကြည့်သည်။ ကျုံးရေပြင်တွင် ကြာတို့မရှိကြ။ စောစောကမှ ပြီးသွားခဲ့သည့် တိုက်ပွဲ၏ အကြွင်းအကျန်များဖြင့် ပြည့်နေသည်။ ရဲမက် စစ်မြင်း အလောင်းများ ၊ ဓားကျိုး၊ လှံကျိုးနှင့် တွန့်လိမ်ကောက်ကွေးနေသည့် ဒိုင်းလွှားများ ။

“လဝွန်းဖျည်းတိုက်ပွဲရဲ့ နိဒါန်းကို မင်းလှလှပပ ဖွင့်နိုင်ခဲ့လို့ လဝွန်းဖျည်းကို ငါတို့ရတာ ပဲ၊ မင်းဟာ ငါတို့ထင်တာထက်ပိုပြီး တိကျလျင်မြန်သည်၊ အမိန့်ကို တစ်သဝေမတိမ်း လိုက်နာတယ်၊ အမောအကြမ်း ခံနိုင်စွမ်းတယ်၊ မင်းဟာ သူရဲကောင်းပဲ မတ်သံလုံ”

မတ်သံလုံ စကားပြန်မဖြေ။ မြို့တောင်ဘက်ဆီသို့ လှည့်ငေးနေပြန်သည်။ မြို့ထောင့်တွင် သူမီးဖောင်တိုက်ရှို့ခဲ့သည် မြင်းဇောင်းမှ မီးခိုးလုံးများ အလိပ်လိုက် တက်နေဆဲ ဖြစ်သည်။

“တောအုပ်မှာ တပ်ချစဥ် သူ့ရှင်ကလူရွေးခိုင်းလို့ ငါလူရွေးတော့ မင်းကိုတွေ့လိုက်စဥ်တုန်းက ငါ့ကိုကြည့်ရင်း မင်းမျက်နှာပြင်နီရဲလာပြီး မင်းပါးပြင်က အမာရွတ်သွေးစို့လာကတည်းက ဒီအရေး အရာကို မင်းတစ်ဦးတည်းသာ အထမြောက်အောင် စွမ်းဆောင်နိုင်မယ်လို့ ငါက ယုံကြည်လိုက်တာကလား”

မတ်သံလုံသည် မင်းကန်စီဘက်သို့ ပြန်လှည့်လိုက်လေသည်။ သူ့မျက်နှာမှာ

